မြန်မာစာ (Burmese)

# ကြိုတင်စီမံချက်ချပါ

GET READY .govt.nz

## ဘယ်သူ့အတွက် စီမံချက်လဲ

အိမ်ထောင်စုဝင်မိသားစုများအတွက်

| | |
|---|---|
| အမည် | ဆက်သွယ်ရန် အချက်အလက်များ - |
| အမည် | ဆက်သွယ်ရန် အချက်အလက်များ - |
| အမည် | ဆက်သွယ်ရန် အချက်အလက်များ - |
| အမည် | ဆက်သွယ်ရန် အချက်အလက်များ - |

---

တစ်ဦးတစ်ယောက်အတွက်အထူးတလည်စီစဉ်ပေးရန်လိုအပ်ပါသလား

အရေးပေါ်အခြေအနေတစ်ခုဖြစ်လာရင်၊သင့်အိမ်မှာတစ်ယောက်ယောက် ပိတ်မိနေတာမျိုး၊ ဘေးလွတ်ရာ ရောက်ဖို့အကူအညီလို အပ်သူမျိုးရှိ ပါသ လား။ လှုပ်ရှားသွားလာဖို့ သို့မဟုတ် ဆေးဝါးကရိယာများအသုံးပြုဖို့ သို့မဟုတ် အထူးလိုအပ်ချက်တစ်ခုခုအတွက် အကူအညီလိုနေသူ မျိုးရှိ နေပါသလား ၊ ဆရာဝန်လက်မှတ်နဲ့မှဝယ်ရသော ဆေးကိုသုံး စွဲနေသူ မျိုးရှိနေပါသလား ၊အာကယ်၍များ၊ လျှပ်စစ်ဓါတ်အားပြတ်တောက်ခဲ့လျှင်၊ သုံးရက်စာလောက် သို့မဟုတ် ဒီထက်ပိုရက်ရှည်စားသုံးနိုင်မဲ့ ရိက္ခာမျိုး သို့မဟုတ် အခြားနည်းစီစဉ်မှုမျိုး သူတို့အတွက်ရှိပါသလား။

# ကြိုတင်စီမံချက်ချပါ

## မွေးကင်းစ သို့မဟုတ် ကလေးငယ်များရှိပါသလား

အကယ်၍ ဈေးဆိုင်တွေ လမ်းတွေပိတ်နေခဲ့လျှင်၊ သင့်မှာ သုံးရက်စာ သို့မဟုတ် ဒီထက်မကသုံးနိုင်တဲ့ နက်ပီတို့၊ဖော်မြူလာတို့ စသည်တို့ အ ဆင်သင့် ရှိနေပါသလား ၊ရုတ်တရက်အိမ်ကနေ ထွက်သွားရ မဲ့အခြေအနေမျိုးကြုံ ရင် အသုံးအဆောင်တွေကိုအလွယ်ယူလို့ရတဲ့ အိတ် တစ်ခုထဲမှာ၊ အ ဆင်သင့်ထည့်ထားပြီးသားရှိပါသလား။

---

## အိမ်မွေးတိရစ္ဆာန်များရှိပါသလား

သင်မွေးထားတဲ့ တိရစ္ဆာန်တွေဟာ သင့်ရဲ့တာဝန်ဘဲဖြစ်ပါတယ်၊ သူတို့ကို လဲ သင့်ရဲ့ အရေးပေါ်စီမံချက်မှာ ပါဝင်အောင်သေသေချာချာစီစဉ်ပါ။ သင့် မှာ အစာနဲ့ရေ သုံးရက်စာ သို့မဟုတ် ဒီထက်ပိုခံအော င် ရှိနေပါသလား၊ သူတို့ကို သယ်ဆောင်သွားဖို့ လုံခြုံအောင်ထားဖို့ လှောင်အိမ် သို့မဟုတ် သယ်ဆေ ဆာင်သွားစရာရှိရဲ့လား၊ အကယ်၍သင်အိမ်ကိုမပြန်နိုင်လျှင်၊ သင့် ရဲ့ တိရစ္ဆာန်တွေကို ကြည့်ရှုစော င့်ရှောက်ပေးမဲ့သူ သင့်မှာရှိထားရဲ့လား။

# ကြိုတင်စီမံချက်ချပါ

GET READY .govt.nz

## တခြားအကူအညီလိုသူတွေရော ရှိနေပါသလား

အိမ်မှာ အရေးပေါ်အခြေအနေဖြစ်ခဲ့ရင်၊ သို့မဟုတ် ဘေးလွတ်ရာကိုသွား ဖို့ လိုအပ်လာလျှင်၊ အကူ အညီလိုနေသော အခြားသော မိတ်ဆွေတွေ၊ မိသားစုတွေ၊ အိမ်နီးနားချင်းတွေ သင့်မှာရှိနေပါသလား

| | |
|---|---|
| အမည် | ဆက်သွယ်ရန် အချက် အလက်များ - |
| အမည် | ဆက်သွယ်ရန် အချက် အလက်များ - |
| အမည် | ဆက်သွယ်ရန် အချက် အလက်များ - |

---

## အသုံးဝင်သည့် ဆက်သွယ်ရန်များ

အရေးပေါ်တစ်ခုခုကြုံလာလျှင်၊ အမြဲတမ်း 111 ကိုဖုန်း ခေါ်ဆိုပါ။ သင့်ဒေသကောင်စီရဲ့ အရေးပေါ် ဟော့လိုင်းနံပါတ်၊ ဆေးကုသဌာန/ဆ ရာဝန်၊ အိမ်ပိုင်ရှင်၊ အာမခံကုမ္ပဏီ၊ လျှပ်စစ်ကုမ္ပဏီ၊ နေ့က လေးထိန်းဌာန /ကျောင်း၊ အလုပ် နဲ့ မိသားစုဝင်များရဲ့ ဖုန်းနံပါတ်ကို စဉ်းစားပါ။

| | |
|---|---|
| အမည် အရေးပေါ်ကူညီမှုများ | ဆက်သွယ်ရန် အချက် အလက်များ - 111 |
| အမည် | ဆက်သွယ်ရန် အချက် အလက်များ - |
| အမည် | ဆက်သွယ်ရန် အချက် အလက်များ - |

# ကြိုတင်စီမံချက်ချပါ

## အကယ်၍အိမ်ကို မရောက်နိုင်လျှင်

### ကျွန်ုပ်တို့၏ စုစည်းရာနေရာ

အကယ်၍ အရေးပေါ် အခြေအနေမှာ အချင်းချင် းအဆက်အ သွယ်ပြတ်တောက်သွားပြီး၊ လူကွဲသွားလျှင်၊ သင့်ကို ဘယ်မှာတွေ့ ရမလဲ၊ သင်အဲဒီ နေရာ ကို ဘယ်လိုရောက်အောင်လာမလဲ။

လိပ်စာနဲ့ ညွှန်ကြားချက်ကို ထည့်ပေးပါ

---

ကလေးတွေကိုဘယ်သူက၊ သွားကြိုမလဲ

ကလေးတွေကို ကျောင်း၊ နေ့ကလေးထိန်းဌာန၊ ကျောင်းချိန်ပြင်ပ ကလေးထိန်းဌာန စသဖြင့် တို့ကနေ သင်သွားမကြိုနိုင်ဘူးဆိုလျှင်၊ ဘယ်သူ ကြိုပေးမလဲ။ထိုအခါမှာ ကလေးကို သူတို့ သွားကြိုရမှာ သိသလား။ ကျောင်း / နေ့ကလေးထိန်းဌာနတွေမှာ ကြိုမည့် သူတွေရဲ့ အချက်အလက်တွေရှိထားပြီးပြီလား။

| | |
|---|---|
| အမည် | ဆက်သွယ်ရန် အချက်အလက်များ - |
| အမည် | ဆက်သွယ်ရန် အချက်အလက်များ - |
| အမည် | ဆက်သွယ်ရန် အချက်အလက်များ - |

# ကြိုတင်စီမံချက်ချပါ

GET READY .govt.nz

## တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်လို့မရတော့ဘူးဆိုလျှင်

သင်ဘယ်သူနဲ့ ရှိနေနိုင်မလဲ (မြို့ပြင်ရောက်နေပြီး ဖုန်းလိုင်းတွေ ကလဲဆက်သွယ်လို့မရခဲ့လျှင်)

| | |
|---|---|
| အမည် | ဆက်သွယ်ရန် အချက်အလက်များ - |
| အမည် | ဆက်သွယ်ရန် အချက်အလက်များ - |
| အမည် | ဆက်သွယ်ရန် အချက်အလက်များ - |

---

## အချိန်နဲ့ အညီသတင်းပေးခြင်း

နောက်ဆုံးသတင်း / သတိပေးနှိုးဆော်ချက်များကို ဘယ်မှာရှာလို့ရနိုင်ပါ သလဲ၊ ဘယ်ရေဒီယိုသတင်းဌာနရဲ့ကြေညာချက်ကို နားထောင်ရပါမလဲ၊ မည်သည့် ဂက်(ဘ်)ဆိုက်နဲ့ လူမှုကွန်ယက်သတင်းစာမျက်နှာတွေကို စီစစ် ကြည့်ရှုရပါမလဲ။

ရေဒီယိုသတင်းဌာန၊ ဂက်(ဘ်)ဆိုက်၊ လူမှုကွန်ယက်သတင်းဌာနများ

ရေဒီယိုသတင်းဌာန၊ ဂက်(ဘ်)ဆိုက်၊ လူမှုကွန်ယက်သတင်းဌာနများ

ရေဒီယိုသတင်းဌာန၊ ဂက်(ဘ်)ဆိုက်၊ လူမှုကွန်ယက်သတင်းဌာနများ

# ကြိုတင်စီမံချက်ချပါ

## အကယ်၍များ အိမ်ကနေထွက်မရဘဲ ပိတ်မိနေခဲ့လျှင်

### ကျွန်ုပ်တို့မှာ အရေးပေါ်ရိက္ခာ အသုံးအဆောင်တွေရှိရဲ့လား

အစားအစာနဲ့သောက်သုံးစရာတွေ၊သုံးရက်စာလောက်၊သို့မဟုတ် ဒီထက်ပိုပြီး လူတိုင်းအတွက် (ကလေးငယ်တွေနှင့် အိမ်မွေးတိရစ္ဆာန် တွေအတွက်ပါ အပါ အဝင်)ရှိရဲ့လား။ လက်နှိပ်မီး၊ ရေဒီယို တို့နှင့် ၎င်းတို့အတွက် ဘက်ထရီ တွေရောရှိရဲ့လား၊ ရှေးဦးသူနာပြုအ သုံးအဆောင်/အထောက်အကူပြု ဆေးဝါးများရောရှိပါသလား၊ အဲဒါတွေ အားလုံးကို ထည့်စရာတခုထဲမှာ အကုန်ထည့်ထားဘို့တော့ မလိုပါဘူး၊ သို့သော် အဲဒီပစ္စည်းတွေကို မှောင်နဲ့ မဲမဲထဲမှာ သင်ရှာနိုင်ဖို့ လိုကောင်း လိုပါလိမ့်မယ်။

အဲဒီပစ္စည်းတွေကို ဘယ်မှာသိမ်းထားသလဲဆိုတာ အသေးစိတ်ရေးမှတ် ထားပါ။

---

### ရေ၊ မီး၊ နှင့် ဓါတ်ငွေ့ တို့ကို ဘယ်လိုပိတ်ရမလဲဆိုတာရော ကျွန်ုပ်တို့ သိကြပါသလား

ရေမီး၊ဓါတ်ငွေ့ ပိုက်လိုင်းတို့ ပေါက်နေ၊ပျက်စီးနေတယ်လို့ သင်သံသ ယရှိမှသာ၊ သို့မဟုတ်၊ သက်ဆိုင်ရာတာဝန်ရှိသူတို့က ညွှန်ကြားမှသာ၊ ၎င်းတို့ကို ပိတ်ပါ။ ဓါတ်ငွေ့ ပိုက်လိုင်းကို ပိတ်ခဲ့မယ်ဆိုရင်၊ ပြန်ဖွင့်ဘို့အ တွက်၊ တတ်သိကျွမ်းကျင်သူတစ်ယောက်ကို ခေါ်ဘို့ လိုပါလိမ့်မယ်။

ရေမီး၊ဓါတ်ငွေ့ ပိုက်လိုင်းတို့ပိတ်ခြင်းအတွက် အသေးစိတ်များ

## လျှပ်စစ်မီးပြတ်တောက်ခဲ့လျှင်

### လျှပ်စစ်မီးမရှိလျှင်ကျွန်ုပ်တို့ဘာလုပ်ကြမလဲ၊

ဘယ်လိုချက် ပြုတ်မလဲ၊ ဘယ်လိုနွေးနွေးထွေးထွေးနေရမလဲ၊ ညမှာဘယ်လိုမြင်အောင်လုပ်မလဲ၊ (ဖယောင်း တိုင်ကိုတော့မသုံးပါနဲ့၊ မီးအန္တရာယ်ရှိနိုင်ပါတယ်)၊ ATM ငွေထုပ်စက် တွေအလုပ်မလုပ် တော့ရင် သုံးဘို့သင့်မှာ အပို ဆောင်ထားတဲ့ ငွေရှိရဲ့လား၊ ဓါတ်ဆီဆိုင်တွေ အလုပ်မလုပ်တော့ရင် သင့်ကားအတွက် လုံလောက်တဲ့ ဆီရှိနေရဲ့လား။

သင့်အိမ်ထောင်စုအတွက်ဘာတွေလုပ်ဖို့လိုသလဲဆိုတာ၊ ရေးမှတ်ပါ။

---

## ရေပြတ်သွားလျှင်

### အကယ်၍၊ ရေပြတ်သွားလျှင်၊ ဘာတွေလုပ်ဖို့လိုမလဲ၊

သောက်စရာရေလုံ လုံလောက်လောက်သိုလှောင်ထားရဲ့လား၊ (တနေ့ လူတစ်ယောက် သုံး လီတာ နှုံးနဲ့ သုံးရက်စာ သို့မဟုတ်ဒီထက်ပိုပြီး)၊ သင့်အိမ်မွေးတိရစ္ဆာန် တွေအတွက်ရော သောက်ရေရှိ ရဲ့လား၊ ချက်ပြုတ်ဖို့နဲ့ သန့်ရှင်းရေးလုပ်ဖို့ အိမ်သာသုံးဖို့အတွက်တွေရော ရှိရဲ့လား။

သင့်အိမ်ထောင်စုအတွက်ဘာတွေလုပ်ဖို့လိုသလဲဆိုတာ၊ ရေးမှတ်ပါ။

# ကြိုတင်စီမံချက်ချပါ

GET READY .govt.nz

## ကျွန်ုပ်တို့အလျှင်စလိုသွားကြရမယ်ဆိုရင်၊

### လက်ဆွဲအိပ် တွေရော ရှိရဲ့ လား

အကယ်၍ ဘေးကင်းရာကို သင်သွားရတော့မယ်ဆိုရင်၊ လူတိုင်းမှာ လက်ဆွဲအိပ်တွေ* ရှိရဲ့လား၊ အိမ်မှာ၊ အလုပ်မှာ၊ ကားထဲမှာ။

*အနွေးထည်၊ လက်နှိပ်မီး၊ ရေဒီယို၊ ရှေးဦးသူနာပြုဆေးသေတ္တာ၊ အဆာ ပြေစားစရာနှင့် သောက်ရေ တို့ ထည့်ထားတဲ့ လက်ဆွဲအိပ်သေးသေး တစ်လုံး

အဲဒီလက်ဆွဲအိပ်တွေကို ဘယ်မှာသိမ်းထားသလဲဆိုတာ အသေးစိတ် ရေးမှတ်ပါ။

---

## ကျွန်ုပ်တို့ ဘယ်ကိုသွားကြမလဲ

### ဘေးကင်းရာကို အကယ်၍သွားရမယ်ဆိုရင် သင်ဘယ်ကိုသွားမလဲ၊

အဲဒီ ကို ဘယ်လိုရောက်အောင်သွားမလဲ၊ ကမ်းခြေနားနေရာတွေမှာနေမယ် ဆိုရင်၊ စူနာမီဘေးသင့်နိုင်သောဇုံများရဲ့ပြင်ပဖြစ်ပါစေ၊ အိမ်ကိုပြန်မရလျှင် သင်ဘယ်မှာသွားနေမလဲ၊

သင်ဘယ်ကိုသွားမယ်၊ ဘယ်လိုသွားမယ်ဆိုတာကို အသေးစိတ်ချရေးပါ။